Permanent Mission of the Republic of the Union of Myanmar to the
United Nations Office and other International Organizations
47 Avenue Blanc, 1202 Geneva, Switzerland
Tel. (+41-22) 906-9870, 906-9871/ Fax. (+41-22) 732-8919
Email: mission@myanmargeneva.org

# မြန်မာအဖွဲ့ရုံး/ မြန်မာသံရုံး၊ ဂျီနီဗာမြို့၏ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးလျက်ရှိသည့် စက် ချို့ယွင်းမှု အခြေအနေအား အသိပေးကြေညာခြင်း

(၂၈-၄-၂၀၂၄၊ ဂျီနီဗာမြို့)

၁။ ဆွစ်ဇာလန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံကူးလက်မှတ် (Passport) စာအုပ်များကို သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိသော မြန်မာအဖွဲ့ရုံး/ မြန်မာသံရုံး၊ ဂျီနီဗာမြို့ရှိ နိုင်ငံကူးလက်မှတ်စာအုပ် ထုတ်ပေးသည့်စက်သည် ဧပြီလ ပထမအပတ်မှ စတင်၍ စက်ချို့ယွင်းမှု ဖြစ်ပေါ်ခဲ့ပါသည်။ ထို့အတွက် မြန်မာအဖွဲ့ရုံး/ မြန်မာသံရုံး၊ ဂျီနီဗာမြို့အနေဖြင့် နိုင်ငံကူးလက်မှတ်စာအုပ် ထုတ်ပေးသည့်စက်ကို ပြန်လည်ပြင်ဆင်ရန် သို့မဟုတ် စက်အသစ် ဝယ်ယူနိုင်ရန် အတွက် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ လတ်တလောတွင် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုး လျှောက်ထားလာမှုများအတွက် မြန်မာအဖွဲ့ရုံး/ မြန်မာသံရုံး၊ ဂျီနီဗာမြို့၌ နိုင်ငံကူးလက်မှတ် စာအုပ်အသစ်များ ထုတ်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ပြန်လည်ထုတ်ပေးနိုင်မည့် အခြေအနေကို ထပ်မံ၍ အသိပေး ကြေညာသွားမည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ မြန်မာအဖွဲ့ရုံး/ မြန်မာသံရုံး၊ ဂျီနီဗာမြို့အနေဖြင့် ဆွစ်ဇာလန်နိုင်ငံတွင် ရောက်ရှိနေထိုင်လျက်ရှိပြီး နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရန် အရေးတကြီး လိုအပ်လျက်ရှိသော မြန်မာနိုင်ငံသားများကို နီးစပ်ရာ မြန်မာသံရုံးများနှင့် ညှိနှိုင်း အကူအညီတောင်းခံ၍ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ပေးရာတွင် DHL အမြန်ချောပို့စနစ်ဖြင့် ပေးပို့ခြင်း၊ ပြန်လည်လက်ခံခြင်းများအပါအဝင် နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ရှိသောကြောင့် အချိန်ကာလအနည်းငယ် ပိုမိုစောင့်ဆိုင်းရနိုင်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး / မြန်မာသံရုံး၊ ဂျီနီဗာမြို့
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၈ ရက်

PERMANENT MISSION OF THE REPUBLIC OF THE UNION OF MYANMAR
064
GENEVA